# ရှမ်းပြည်သမိုင်း (အကျဉ်း)

၁၉၀၂ ဖေဖော်ဝါရီ

# ရှမ်းပြည်သမိုင်း (အကျဉ်း)

ရှမ်းပြည်၏လက်ရှိနယ်နမိတ်အကျယ်အဝန်းသည်စတုရန်းမိုင်ပေါင်း (၆၂၀၀၀) ကျော်ရှိသည်။ လူဦးရေ (၅) သန်းကျော်ရှိသည်။ ဗမာပြည်၊ ကချင်ပြည်၊ ကရင်နီပြည်၊ ထိုင်းပြည်၊ လောပြည်၊ တရုတ်ပြည်တို့နှင့်နယ်နမိတ်ချင်းဆက်စပ်နေသည်။ အရှေ့မြောက်ဘက်တွင်တရုတ်ပြည်၊ အရှေ့ဘက်တွင်လောပြည်၊ အရှေ့တောင်ဘက်တွင်ထိုင်းပြည်၊ တောင်ဘက်တွင်ကရင်နီပြည်၊ အနောက်ဘက်တွင်ဗမာပြည်နှင့်အနောက်မြောက်ဘက်တွင်ကချင်ပြည်တို့ရှိကြသည်။

ရှမ်းပြည်၏မြေမျက်နှာပြင်သည်ကုန်းပြင်မြင့်ဖြစ်ပြီး၊ ပေပေါင်း (၂၀၀၀) မှပေပေါင်း (၈၀၀၀) ကျော်အထိမြင့်သည်။ သံလွင်မြစ်သည်မြောက်ဘက်မှတောင်ဘက်သို့ရှမ်းပြည်၏အလယ်ဗဟိုကိုဖြတ်၍စီးဆင်းသည်။ မဲခေါင်မြစ်သည်ရှမ်းပြည်နှင့်လောပြည်တို့၏အကြားတွင်စီးဆင်းပြီးနယ်နမိတ်မျဉ်းအဖြစ်တည်ရှိနေသည်။ ရှမ်းပြည်အတွင်းတွင်အခြားမြစ်များဖြစ်သောနမ့်မောခေါ်ရွှေလီမြစ်၊ နမ့်ပန်မြစ်၊ နမ့်တိန်းမြစ်၊ နမ့်တူခေါ်ဒုဋ္ဌဝတီမြစ်နှင့်နမ့်ခါမြစ်များသည်ထင်ရှား၍အခြားသောမြစ်ငယ်ချောင်းငယ်များလည်းမြောက်များစွာရှိကြသည်။ ရှမ်းပြည်တောင်ပိုင်းရှိအင်းလေးကန်သည်ကျေးရွာပေါင်းများစွာရှိပြီးစိုက်ပျိုးနိုင်သည့်ကျွန်းမျောကြီးများရှိသည်။ ရှမ်းပြည်၏မြစ်ချောင်းများတွင်ရေတံခွန်မြောက်များစွာရှိပြီး၊ နမ့်ပန်မြစ်သို့လျှင်မြစ်ကြောင်းတလျှောက်လုံးရေတံခွန်များဖြင့်ပြည့်နှက်နေသည်။ ကျိမ်းတောင်းနယ်ရှိနမ့်တိန်းရေတံခွန်သည်အရှေ့တောင်အာရှတွင်အကြီးဆုံးရေတံခွန်တခုဖြစ်သည်။

ရှမ်းပြည်တွင်တောင်တန်းများပေါများသည်။ အမြင့်ဆုံးတောင်သည်မိုင်းရယ်မြို့မြောက်ဘက်ရှိလွယ်လိန်းတောင်ဖြစ်ပြီးအမြင့်ပေပေါင်း (၈၇၇၇) ရှိသည်။ ကျိုင်းတုံနယ်ရှိပန်နေတောင်သည်အမြင့်ပေပေါင်း (၈၄၀၈)၊ ရှမ်းပြည်တောင်ပိုင်းရှိလွယ်မောတောင်သည်အမြင့်ပေပေါင်း (၈၀၆၈) နှင့်မဲနယ်တောင်သည်အမြင့်ပေပေါင်း (၈၂၆၅)၊ ရှမ်းပြည်အလယ်ပိုင်းရှိဆင်တောင်သည်အမြင့်ပေပေါင်း (၈၁၂၆) အသီးသီးရှိကြသည်။ ရှမ်းပြည်၏အမြင့်ဆုံးမြို့သည်နမ့်ဆန်မြို့ဖြစ်ပြီးအမြင့်ပေပေါင်း (၅၃၀၀) ရှိသည်။

ရှမ်းပြည်အတွင်းတွင်သယံဇာတဓါတ်သတ္တုပစ္စည်းအမြောက်အများရှိသည်။ စူးစမ်းရှာဖွေတွေ့ရှိချက်များအရ၊ ကျော်၊ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ၊ သံ၊ ဝုဖရမ်၊ ခဲ၊ သွပ်၊ ရွှေဖြူ၊ ကိုဘော့၊ ပြဒါး၊ ဖရောဂိုက်၊ တိုလမိုက်၊ နီလာ၊ ပတ္တမြား၊ နှင့်ဓါတ်ငွေ့များထွက်ရှိသည်။ ရှမ်းပြည်၏သစ်တောကြီးများတွင်အဘိုးတန်သစ်များဖြစ်သော၊ ကျွန်း၊ မျဉ်းကတိုး၊ အင်၊ အင်ကြင်း၊ ထင်းရှူးနှင့်အခြားသောသစ်မာများထွက်ရှိသည်။

ရှမ်းပြည်သည် မြောက်လတ္တီတွတ် ၁၈ နှင့် ၂၄ ဒီဂရီအကြား ၊ အရှေ့လောင်ဂျီတွတ် ၉၆ နှင့် ၁၀၀ ဒီဂရီအကြား တွင်တည်ရှိသဖြင့် အပူပိုင်းဇုံအတွင်း တွင်ပါဝင်သည်။ အနောက်တောင်ရာသီမိုး ရွာသွန်းပြီး နွေမိုး ဆောင်းဥတုသုံးပါး ရှိသည်။

ရှမ်းပြည်သည်ကုန်းပြင်မြင့်ဖြစ်ပြီး တောတောင်ထူထပ်ပေါများ သော်လည်း စိုက်ပျိုး နိုင်သည့် မြေညီနှင့် ချိုင့်ဝှမ်း ဒေသများ လည်း ရှိသည်။ မွေးမြူရေး အတွက်မြက်ခင်း ပြင်များ လည်း ပေါများ သည်။

ထို့ကြောင့်ရှမ်းပြည်သည် စိုက်ပျိုး မွေးမြူရေး လုပ်ငန်း များ လုပ်ရန် ~~နှင့်~~ မြေနေရာနှင့် ခေတ်မှီစက်မှုလုပ်ငန်း များ ထူထောင်ရန် မြေပေါ် မြေအောက်သယံဇာတ ပစ္စည်း များ ကြွယ်ဝပေါများ သည့်အပြင်၊ စစ်ရေး အရ သေနင်္ဂဗျူဟာအချက်အခြာကျသော ဒေသဖြစ်သည်။

ရှမ်းပြည်အတွင်း တွင်တိုင်းရင်းသား လူမျိုး များဖြစ်ကြသော၊ တိုင်း (တိုင်းလုံ၊ တိုင်းလှိုင်၊ တိုင်း ခင်၊ တိုင်း လု၊ တိုင်း မော၊ တိုင်း နေ၊ တိုင်း နောင်)၊ ပလောင် ပအိုး၊ ကချင်၊ ကရင်နီ၊ ကရင်နက်၊ ကရင်ကြား၊ ပဒေါင်း၊ မနု၊ အင်းသား၊ လားဟူ၊ အားခါ၊ လီးသော၊ ကော်၊ ဝ၊ လွယ်လ၊ ဆိုးကန်နှင့်အင်လူမျိုး များ စုပေါင်း နေထိုင်ကြသည်။ တိုင်း လူမျိုး သည်ရှမ်းပြည် နေရာအနှံ့အပြား တွင် နေထိုင်ကြပြီး လူဦး ရေ (၅၀) ရာခိုင်နှုန်း ကျော်ရှိသည်။ အင်လူမျိုး များ သည်ကျိုင်းတုံနယ်ထဲတွင် နေထိုင်ကြပြီး လူဦး ရေ (၃၀၀၀) လောက်သာ ရှိသည်။

တိုင်း ရင်းသား လူမျိုး များ အပြင် ရှေး နှစ် ပေါင်း များ စွာကတည်း ကရှမ်းပြည် အတွင်း လာ ရောက် နေထိုင်ကြ သော၊ ဗမာ၊ တရုတ်၊ ကုလား နှင့် ဂေါ်ရခါး လူမျိုး များ လည်း ရှိကြသည်။

ကိုးကွယ်သည့်ဘာသာသည် ဗုဒ္ဓဘာသာအများ စုဖြစ်ပြီး ခရာဇ်ယာန်ဘာသာ၊ မူဆလင် ဘာသာနှင့် ရှေး ရိုး ရာနတ်ကိုး ကွယ်မှုများ လည်း ရှိသည်။

ရှမ်းပြည်တွင်း ရှိတိုင်း ရင်းသား လူမျိုး များ သည် အေဒီ (၇) ရာစု လောက်တွင် တိုင်း လူမျိုး များ က ဦး ဆောင်၍ယူနန်နယ်ကိုဗဟိုပြုပြီး နန်းချောင်နိုင်ငံ တော်ကိုထူထောင် ခဲ့ကြသည်။ ပိလောကိုး ခေါ် ခွန်ပေါ့လို (အေဒီ - ၇၂၈ - ၇၄၈) သည်ရှမ်း တိုင်း နိုင်ငံ (၆) ခုကိုစည်း ရုံး သိမ်း သွင်း ပြီး တခုတည်း သော နန်းချောင်နိုင်ငံ တော်ကိုထူ ထောင် ခဲ့သည်။ သူ၏သား ဖြစ် သော ခွန်လော (အေဒီ ၇၄၈ - ၇၇၈) လက်ထက်တွင်နန်းချောင် နိုင်ငံ တော်၏အင်အား နှင့်နယ်နမိတ်အကျယ်အဝန်း သည်အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ခွန်လောလက်ထက်နန်းချောင်နိုင်ငံ တော်၏အကျယ်အဝန်း သည်၊ ယူနန်နယ်၊ အာသံနယ်၊ ချင်း တွင်း မြစ်ဝှမ်း ၊ ဧရာဝတီမြစ်ဝှမ်း အလယ်ပိုင်း နှင့်အထက်ပိုင်း ၊ ယခုရှမ်းပြည်၊ ထိုင်း ပြည်၊ လာဝပြည်နှင့် ဗီယက်နမ်အထက်ပိုင်း အား လုံး ပါဝင်သည်။ နန်းချောင်နိုင်ငံ

တော်၏ဩဇာအာဏာသည်တရုပ်ပြည်အလယ်ပိုင်း ၊ တိဘက် ၊ ဧရာဝတီမြစ်ဝှမ်း အောက်ပိုင်း ရှိပြူလူမျိုး တို့၏နိုင်ငံ ၊ မလာယုကျွန်းဆွယ် ၊ ကမ္ဘောဒီးယား နှင့်ဗီယက်နမ် အောက်ပိုင်း တိုကင်နယ်များ အထိပြန့်နှံ့သက်ရောက်ခဲ့သည်။

၁၂၅၃ ခုနှစ်တွင်ကူဗလိုင်ခန်ဦး ဆောင်သောတာတာလူမျိုး တို့လာ ရောက်တိုက်ခိုက်ကြသဖြင့်နန်ချောင်နိုင်ငံ တော်ပျက်စီး ခဲ့ရသည်။

နန်ချောင်နိုင်ငံ တော်ပျက်စီး ပြီး သည့် နောက်ပိုင်း တွင်နန်ချောင်ပြည်တိုင်း ရင်းသား များ သည်တပါး ကျွန်ဘဝတွင်မ နေလိုကြသဖြင့် တောင်ပိုင်း သို့လိမ့်၍အစုလိုက်အပြုံလိုက်ဆင်း လာ ခဲ့ကြသည်။ ထိုအချိန်တွင် ရွှေလီမြစ်ဝှမ်း ကိုဗဟိုပြုပြီး အေဒီ ၆၀၀ လောက်ကတည်း ကထူ ထောင်ခဲ့ သော ကောသမ္ဗီ ခေါ် မောနိုင်ငံ တော်သည်တဖြည်း ဖြည်း အင်အား ကြီး ထွား လာလျက်ရှိသည်။ ၁၃ ရာစုအ စောပိုင်း ဆောခန်ဖ ခေါ် စောဝ်ခဝမ်ဖ (၁၂၂၀ -၁၂၅၀) လက်ထက်တွင် မောနိုင်ငံ တော်၏အင်အား နှင့်နယ် မြေအကျယ်အဝန်း သည်အ ထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ဆောခန်ဖလက်ထက်တွင် မောနိုင်ငံ တော်အတွင်း ၊ ယူနန်နယ် တာလီဖူး အထိ ၊ ရွှေလီမြစ်ဝှမ်း ၊ ဆစ်ဆောင်ဖန်း နား နယ် ၊ ဝမ်ချန်နယ် ၊ လောပြည် ၊ ထိုင်း ပြည် ၊ တနင်္သာရီတိုင်း ထား ဝယ်အထိ ၊ ကရင်ပြည် ၊ ဧရာဝတီမြစ်အလယ်ပိုင်း နှင့် အထက်ပိုင်း ၊ ရခိုင်ပြည် ၊ ယခုရှမ်း ပြည် ၊ အာသံမဏိပူရ ၊ ချင်း တွင်း မြစ်ဝှမ်း ၊ နာဂ တောင်တန်း နှင့်ကချင်ပြည်များ အား လုံး ပါဝင်ခဲ့ကြသည်။ မောနိုင်ငံ တော်ကိုမင်း ဆက် ပေါင်း (၄၅) ဆက်အုပ်စိုး ခဲ့သည်။ နောက်ဆုံး မင်း ဆက်ဖြစ် သော စောဝ်ပူရိန် (၁၆၀၄ ) လက်ထက်တွင်တရုပ်များ လာ ရောက်တိုက်ခိုက်သဖြင့်ပျက်စီး ခဲ့ရသည်။

မောနိုင်ငံ တော်ပျက်စီး ပြီး သည့် နောက်တွင် မြောက်ပိုင်း ရှိရှမ်း နယ်များ သည်တရုပ် ပဒေသရာဇ်များ ၏လက် အောက်ကျ ရောက်သွား ရပြီး ၊ တောင်ပိုင်း ရှိရှမ်း နယ်များ သည်လည်း ဗမာပ ဒေသရာဇ်များ လက် အောက်ကျ ရောက်သွား ခဲ့ကြရသည်။

ရှမ်း ပြည်သည်ဗမာပ ဒေသရာဇ်များ ၏ဩဇာခံနယ်ပယ်အဖြစ်ကျ ရောက်သွား ခဲ့ သည်မှာ မောနိုင်ငံ တော်မပျက်စီး မီကတည်း ကဖြစ်သည်။ ဟံသာဝတီဘုရင်ဘုရင့်နောင် (၁၅၅၀-၈၁) သည် ၁၅၅၅ ခုနှစ်တွင် မောနိုင်ငံ တော်၏လက် အောက်ခံနိုင်ငံဖြစ် သောအင်း ဝနိုင်ငံကိုတိုက်ခိုက်သိမ်း ပိုက်ခဲ့ပြီး ၊ ၁၅၅၆ ခုနှစ်တွင်ရှမ်း ပြည်ကိုတက် ရောက်သိမ်း ပိုက်ယူခဲ့သည်။ ၁၅၆၂ ခုနှစ်တွင်ဘုရင့် နောင်သည် မောနိုင်ငံ တော်ကိုတက် ရောက် တိုက်ခိုက်သိမ်း ပိုက်ပြီး မိမိ၏လက် အောက်ခံအဖြစ်သွတ်သွင်း ခဲ့ သေး သည်။ သို့ သော်သူ၏သား နန္ဒာဘုရင်လက်ထက်တွင် မောနိုင်ငံ တော်သည်လွတ်လပ်သည့်နိုင်ငံ တော်အဖြစ်ပြန်လည်ရပ် တည်လာ နိုင်ခဲ့သည်။

မောနိုင်ငံ တော်ပျက်စီး ပြီး သည့် နောက်ရှမ်း နယ်ပယ်များ သည်ပြန်လည်မစုစည်း နိုင်ကြ တော့ဘဲ ပ ဒေသရာဇ်နယ်ပယ်က လေး များ အဖြစ်အစိပ်စိပ်အမွှာမွှာဖြစ်သွား ခဲ့

ကြသည်။

၁၅၅၆ ခုနှစ်မှစ၍ ဗမာပဒေသရာဇ်များ၏ဩဇာခံနယ်ပယ်အဖြစ်ကျရောက်သွားခဲ့ကြရသော ရှမ်းပြည်အပါအဝင်ရှမ်းနယ်အားလုံးသည်နှစ်စဉ်နှစ်တိုင်း ဗမာပဒေသရာဇ်ထံ ရွှေငွေဆင်မြင်း စသည်ဖြင့်လက်ဆောင်ပဏ္ဏာများ ဆက်သခဲ့ကြရသည့် ပဏ္ဏာဆက်နယ် (                    ) များဖြစ်ကြသည်။

ဗမာပဒေသရာဇ်များ၏ဩဇာအာဏာအောက်တွင် နေခဲ့ကြရသော ရှမ်းတိုင်းရင်းသားလူမျိုး ပေါင်းစုံပြည်သူတို့သည်သူ့ကျွန်မခံလိုကြသဖြင့်အခွင့်အခါရတိုင်း ဗမာပဒေသရာဇ်များကိုထတော်လှန်ခဲ့ကြသည်။

၁၅၈၁-၈၂ ခုနှစ်တွင်မိုင်းကိုင်စော်ဘွား ဦးဆောင်ပြီး ဟံသာဝတီဗမာဘုရင် (နန္ဒာဘုရင်) ကိုစတင်တော်လှန်ခဲ့သည်။

၁၅၉၀ ခုနှစ်တွင်ရှမ်းပြည်ရှိစော်ဘွားများသည်အယုဒ္ဓယပြည်၏အကူအညီဖြင့်ဟံသာဝတီဗမာဘုရင်ကို တော်လှန်ပြီး မိမိ၏လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့ကြသည်။ သို့သော်လည်း ပဒေသရာဇ်ရှမ်းနယ်ကလေးများသည် နိုင်ငံတော်တခုအဖြစ်ပြန်လည်မစုစည်းနိုင်ဘဲရှိခဲ့ကြသည်။ ထို့ကြောင့်အင်အားမရှိဘဲ ဗမာပဒေသရာဇ်နယ်ချဲ့သမားများ၏ရန်ကိုရေရှည်တွင်မခုခံမကာကွယ်နိုင်ဘဲ၊ ဗမာပဒေသရာဇ်များအင်အားကြီးလာသည့်အခါသူတို့၏ဩဇာခံနယ်ပယ်များအဖြစ်သို့ပြန်လည်ကျရောက်သွားကြရသည်။ ဗမာဘုရင်အလောင်းဘုရား (၁၇၅၂-၆၀) လက်ထက်တွင်ရှမ်းနယ်များသည် ဗမာပဒေသရာဇ်များ၏ဩဇာအာဏာအောက်သို့တဖန်ထပ်မံကျရောက်သွားခဲ့ကြရပြန်သည်။

၁၈၅၆ ခုနှစ်တွင်ရှမ်းပြည်မြောက်ပိုင်းသိန္နီနယ်ဦးခွန်ဆံဟိုက်ဦးဆောင်ပြီး မန္တလေးဗမာဘုရင်မင်းတုန်းမင်း (၁၈၅၃-၇၈) လက်ထက်တွင်ဗမာနယ်ချဲ့သမားများကိုလက်နက်ကိုင်တော်လှန်ခဲ့သည်။

၁၈၇၆ ခုနှစ်ဗမာဘုရင်သီပေါမင်း (၁၈၇၈-၈၅) လက်ထက်တွင်ခွန်ဆံဟိုက်၏သားမက်ခွန်ဆံတုံဟွန်းသည်သိန္နီနယ်ကိုအခြေခံ၍တိုင်းရင်းသားလူမျိုးပေါင်းစုံကိုစည်းရုံးပြီး ရှမ်းပြည်မြောက်ပိုင်းကိုလွတ်မြောက်စေခဲ့သည်။

၁၈၈၁ ခုနှစ်တွင်ကျိုင်းတုံစော်ဘွားစောဝ်ကောင်တိုင်းဦးဆောင်ပြီးသီပေါမင်းကိုတော်လှန်၍သံလွင်မြစ်အရှေ့ပိုင်းရှမ်းပြည်ကိုလွတ်မြောက်စေခဲ့ပြန်သည်။

၁၈၈၂ ခုနှစ်တွင်ရှမ်းပြည်တောင်ပိုင်းဥလည်း မိုးနဲစော်ဘွားစောဝ်ခွန်ကြည်၊ ရပ်စောက်စော်ဘွားစောဝ်ဝိန်း၊ မိုင်းပွန်စော်ဘွားစောဝ်ခွန်ထီး၊ မိုင်းနောင်မြို့စား၊ မောက်မယ်၊ မိုင်းစစ်၊ ဆားတောင်၊ ဝမ်ယဉ်၊ နောင်မွန်၊ နမ့်ခုတ်နှင့်ဟိုပုန်းနယ်တို့မှစော်ဘွားနှင့်မြို့စားများဦးဆောင်ပြီးကျိုင်း

တိုနယ်နှင့်ပူးပေါင်း၍ဗမာနယ်ချဲ့သမားများကို တော်လှန်ခဲ့ကြပြန်သည်။

၁၈၈၅ ခုနှစ်ဦးပိုင်း လောက်ကစပြီး ဗမာနယ်ချဲ့၏ကျူးကျော်ရေး တပ်များသည် ရှမ်းပြည်မှပြန် လည်ဆုတ်ခွာသွားခဲ့ကြရသည်။ ၁၈၈၅ ခုနှစ်နိုဝင်ဘာလတွင်အင်္ဂလိပ်နယ်ချဲ့သမားများသည် ဗမာပြည်နှင့်တတိယစစ်ပွဲဆင်နွှဲပြီး ဗမာပြည်တပြည်လုံးကို သိမ်းပိုက်လိုက်သည်။

၁၈၈၇ ခုနှစ်ဇန္နဝါရီလ (၃) ရက်နေ့တွင်စတင်၍အင်္ဂလိပ်နယ်ချဲ့သမားများ သည်ရှမ်းပြည်ကိုစတင်ကျူးကျော်ဝင်ရောက်ခဲ့သည်။ ထိုအချိန်တွင်ရှမ်းပြည်အတွင်း၌ တော်လှန်ရေးဘက်တော်သားများ နှင့်ဗမာပဒေသရာဇ်နယ်ချဲ့၏ နောက်လိုက်များ အပြန်အလှန်တိုက်ခိုက်နေ၍ပြည်တွင်းစစ်မီး တောက်လောင်နေချိန်ဖြစ်သည်။ ထို့ကြောင့် အင်္ဂလိပ်နယ်ချဲ့သမားများ အတွက်အခက်အခဲမရှိဘဲ ရှမ်းပြည်တပြည်လုံး ကိုလွယ်ကူစွာနှင့် သိမ်းပိုက်နိုင်ခဲ့သည်။ ၁၈၈၈ ခုနှစ်တွင်သံလွင်မြစ်အနောက်ဘက်ရှိရှမ်းပြည်ကိုသိမ်းယူ နိုင်ခဲ့ပြီး၊ သံလွင်မြစ်အရှေ့ပိုင်းကျိုင်းတုံနယ်နှင့်ဝနယ်များကို ၁၈၉၀ ခုနှစ်တွင်မှသိမ်း ယူနိုင်ခဲ့သည်။

ထို့ကြောင့် ၁၈၉၀ ခုနှစ်မှစ၍ရှမ်းပြည်သည်အင်္ဂလိပ်နယ်ချဲ့သမားများ၏ကိုလိုနီ နယ်အဖြစ်ကျရောက်သွားခဲ့ရလေသည်။

၁၉၄၁ ခုနှစ်တွင်ဒုတိယကမ္ဘာစစ်မီးကြီးသည်အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်လာပြီး၊ ဂျပန်နယ်ချဲ့သည်အရှေ့တောင်အာရှကိုအင်္ဂလိပ်၊ ပြင်သစ်၊ အမေရိကန် နယ်ချဲ့သမားများလက်မှ နေ၍တိုက်ခိုက်သိမ်းပိုက်လိုက်သဖြင့်၊ ရှမ်းပြည်သည်လည်း ဂျပန် နယ်ချဲ့သမားများ၏လက်အောက်ကျရောက်သွားခဲ့ရပြန်သည်။

၁၉၄၅ ခုနှစ်တွင်ဒုတိယကမ္ဘာစစ်ပြီးဆုံးပြီး၊ ဂျပန်နယ်ချဲ့သမားများစစ်ရှုံး သဖြင့်၊ ရှမ်းပြည်ကိုလည်း အင်္ဂလိပ်နယ်ချဲ့သမားများကပြန်လည်ဝင်ရောက်သိမ်းပိုက် လိုက်ပြန်သည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက်တွင်ရှမ်းပြည်၌နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေးလှုပ်ရှားမှုကြီးသည်အရှိန်အဟုန်နှင့်ကြီးထွားပြင်းထန်နေပြီဖြစ်သည်။ ၁၉၄၇ ခုနှစ်ဖေဖော်ဝါရီလ (၇) ရက်နေ့တွင်ရှမ်းပြည်ပဒေသရာဇ်စော်ဘွားများ နှင့်ရှမ်းပြည်သူလူထုတို့သွေးစည်းညီညွတ်ပြီး၊ ရှမ်းပြည်၏ကံကြမ္မာကိုအတူလက်တွဲဆောင် ရွက်သွားရန်သဘောတူညီမှုရရှိခဲ့ကြသည်။ ထို့ပြင်ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင်၊ ရှမ်း၊ ကချင်၊ ချင်း၊ ဗမာခေါင်းဆောင်များစုပေါင်း၍ပင်လုံစာချုပ်ကိုသဘော တူချုပ်ဆိုနိုင်ခဲ့ကြသည်။

ထို့ကြောင့်ရှမ်းပြည်သည်လည်း ဗမာပြည်နှင့်အတူ၊ ၁၉၄၈ ခုနှစ်ဇန္နဝါရီလ (၄)

ရက်နေ့တွင်အင်္ဂလိပ်နယ်ချဲ့သမားများ၏ကိုလိုနီဘဝမှလွတ်မြောက်၍မိမိ၏လွတ်လပ်ရေးကိုပြန်လည်ရယူနိုင်ခဲ့သည်။

၁၉၄၇ခုနှစ်စက်တင်ဘာလတွင်တိုင်းပြုပြည်ပြုလွှတ်တော်မှသဘောတူရေးဆွဲအတည်ပြုခဲ့သော (ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ) အရ ရှမ်းပြည်နှင့်တကွပြည်ထောင်စုအတွင်းပါဝင်ကြသောပြည်နယ်အားလုံးတို့သည် (၁၀) နှစ်ပြည့်ပြီးသည့်နောက်ခွဲထွက်၍သီးခြားလွတ်လပ်သည့်နိုင်ငံတူထောင်ခွင့်ရှိသည်။

သို့သော်၊ ခေတ်သစ်ဗမာနယ်ချဲ့သမားများသည်ကိုလိုနီနယ်ချဲ့ဝါဒလက်သစ်ကိုစွဲကိုင်၍၊ အစီအစဉ်ရှိရှိဖြင့်ရှမ်းပြည်ကိုဗမာပြည်၏နယ်မြေတစိတ်တပိုင်းအဖြစ်သိမ်းသွင်းရန်ကြံစည်အားထုတ်ခဲ့သည်။

ထို့ကြောင့်၊ ၁၉၅၈ခုနှစ်မေလ (၂၁) ရက်နေ့တွင်၊ ရှမ်းပြည်၏လွတ်လပ်ရေးကို ကိုထိန်းသိမ်းကာကွယ်ရန်ရှမ်းပြည်တိုင်းရင်းသားပေါင်းစုံ၊ လူတန်းစားပေါင်းစုံပြည်သူတို့သည်ရရာလက်နက်ကိုစွဲကိုင်၍ဗမာနယ်ချဲ့သမားများကိုစတင်ဆန့်ကျင်ခုခံခဲ့ကြသည်။

ဗမာနယ်ချဲ့ကိုဆန့်ကျင်သည့်လက်နက်ကိုင်တော်လှန်ရေးသည်၁၉၅၈ခုတွင်မှပေါ်ပေါက်ခဲ့သော်လည်း၊ ပဒေသရာဇ်ဆန့်ကျင်ရေးကိုအခြေခံသည့်ပအိုးအမျိုးသားများ၏လက်နက်ကိုင်တော်လှန်ရေးသည်၁၉၄၉ခုနှစ်လောက်ကတည်းကပေါ်ပေါက်ခဲ့သည်။ ယင်းပအိုးအမျိုးသားတော်လှန်ရေးသည်လည်းနောက်ပိုင်းတွင်ဗမာနယ်ချဲ့ဆန့်ကျင်ရေးအဖြစ်တိုးတက်ပြောင်းလဲခဲ့သည်။

၁၉၆၁ခုနှစ်တွင်ရှမ်းပြည်တွင်းရှိကချင်အမျိုးသားများသည်လည်းဗမာနယ်ချဲ့ဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲကိုဆင်နွှဲခဲ့ကြပြန်သည်။

ပလောင်အမျိုးသားများသည်လည်းဆက်တိုက်လိုပင်လက်နက်စွဲကိုင်၍ဗမာနယ်ချဲ့များကိုထတော်လှန်ခဲ့ကြသည်။ နောက်ပိုင်းတွင်လားဟူအမျိုးသားများ၊ ဝအမျိုးသားများ၊ ကိုးကန့်အမျိုးသားများလည်းလက်နက်ကိုင်တော်လှန်ရေးအတွင်းကိုယ်ပိုင်အသိဖြင့်ပါဝင်လာကြသည်။

၁၉၅၉ခုနှစ်တွင်ဗမာနယ်ချဲ့သမားများသည်ရှမ်းပြည်ပဒေသရာဇ်စော်ဘွားများ၏အာဏာကိုသိမ်းယူလိုက်ပြီး၊ ၁၉၆၂ခုနှစ်မတ်လ (၂) ရက်နေ့တွင်စစ်တပ်မှအာဏာသိမ်းပြီး၊ (ပြည်ထောင်စုမြန်မာနိုင်ငံ၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ) ကိုပြည်ထောင်စုသားတို့၏ဆန္ဒမပါဘဲတဘက်သတ်ဖျက်သိမ်းပစ်လိုက်သည်။

ထို့ကြောင့်၊ ထိုနေ့မှစ၍ရှမ်းပြည်သည်လည်းပြည်ထောင်စုမြန်မာနိုင်ငံနှင့်မည်သို့မျှတရားဝင်ဆက်စပ်မှုလုံးဝမရှိတော့ဘဲ၊ ဗမာနယ်ချဲ့သမားများ၏မတရားကျူးကျော်သိမ်းပိုက်ထားခြင်းသာဖြစ်နေပေတော့သည်။

ခေတ်သစ်ရှမ်းပြည်လက်နက်ကိုင်တော်လှန်ရေးကို အပိုင်းခွဲခြားမည်ဆိုလျှင်

* ၁၉၄၉ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ပအိုးအမျိုးသားများ ဆင်နွှဲခဲ့သော လက်နက်ကိုင်တော်လှန်ရေးသည် ပဒေသရာဇ်စနစ်ဆန့်ကျင်ရေးဖြစ်သည်။

* ၁၉၅၇ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ရှမ်းပြည်တိုင်းရင်းသားပေါင်းစုံ-လူတန်းစားပေါင်းစုံပြည်သူများ ဆင်နွှဲခဲ့သော လက်နက်ကိုင်တော်လှန်ရေးသည် ဗမာနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး ထိန်းသိမ်းရေးဖြစ်သည်။

* ၁၉၆၂ ခုနှစ်မှ ယခုအချိန်တိုင်အောင် ပြည်သူတရပ်လုံး ဆင်နွှဲနေသည့် လက်နက်ကိုင်တော်လှန်ရေးသည် ဗမာနယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးဖြစ်သည်။

တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံပြည်သူတို့၏ဘုံရည်မှန်းချက်သည် အမျိုးသားလွတ်လပ်ရေးဖြစ်သည့် ရှမ်းပြည်လွတ်လပ်ရေးဖြစ်ပြီး၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံပြည်သူတို့၏ဘုံရန်သူသည် ဗမာနယ်ချဲ့ဖြစ်သည်။

တဆက်တည်းပင်၊ ရှမ်းပြည်လက်နက်ကိုင်တော်လှန်ရေး အရေးတော်ပုံကြီး အောင်ပွဲခံနိုင်ရေးသည် အမျိုးသားစည်းလုံးညီညွတ်ရေးအပေါ်တွင် လုံးဝအခြေခံနေပေသည်။

လွတ်လပ်ရေးသည် တိုက်ရဲသူများအတွက်ဖြစ်သည်။